# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွား ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၀-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၃၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၉၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များအနက် ၅၇ ဦးကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊

(၂) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၄ ရက်၊

(၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၄ ရက်၊

(၄) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၁ ရက်၊

(၅) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၄ ရက်၊

(၆) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၇) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၈) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၉) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၁ ရက်၊

(၁၀) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၁၁) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၂) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၃ ရက်၊

(၁၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၁၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၁၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၄ ရက်၊

(၁၇) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၄ ရက်၊

(၁၈) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၄ ရက်၊

(၁၉) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၄ ရက်၊

(၂၀) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၂၁) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၂၂) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၁ ရက်၊

(၂၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၂၄) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၁ ရက်၊

(၂၅) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၂၆) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၂၇) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၈) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၂၉) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၃၀) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၃၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၃၂) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်၊

(၃၃) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၃၄) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၇ ဦး ယနေ့ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၉၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ (၁/၂၀၁၄) အစီရင်ခံစာပါ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုမှ ရရှိသောညှိနှိုင်းသဘောတူညီချက် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့(၁/၂၀၁၄) အစီရင်ခံစာကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့တွင် ရှင်းလင်းတင်ပြခြင်း လွှတ်တော်ကိုယ်စားလှယ် ခုနှစ်ဦးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်ကအတည်ပြုခြင်း၊ ဆောင်ရွက်ခဲ့ပါတယ်။ ထိုအစီရင်ခံစာပါ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေး ကော်မတီကပြန်လည်သုံးသည့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ ညှိနှိုင်းသဘောတူညီချက် ငါးချက် ရရှိခဲ့ပါတယ်။ ယင်းသဘောတူညီချက်အစီရင်ခံစာကိုတင်ပြဖို့ လွှတ်တော်အခွင့်အရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(ဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော်အခွင့်အရေးကော်မတီကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ (၁/၂၀၁၄) အစီရင်ခံစာပါ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုမှရရှိသော ညှိနှိုင်းသဘောတူညီချက်များအား အစီရင်ခံတင်ပြမှာဖြစ်ပါတယ်။

၁။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ ၁၃း၃၀ နာရီအချိန်တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရုံးခန်းတွင် ပြည်သူ့လွှတ်တော်ငွေစာရင်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ(၁/၂၀၁၄)နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစုပေါင်း၍ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာအပေါ် ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

**မူကြမ်း**

၂။ အဆိုပါအစည်းအဝေး၌ ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း ဆောင်ရွက်ရန် ညှိနှိုင်း သဘောတူခဲ့ကြပါသည်-

(က) ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(စ) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း(၅)ခု မေးမြန်းခွင့် ရရှိသော်လည်း မေးမြန်းသည့် မေးခွန်းအရေအတွက် များပြားသောကြောင့် အစည်း အဝေးသတ်မှတ်ချိန်အတွင်း မေးခွန်းမေးမြန်းခြင်း အစီအစဉ်ပြည့်စုံအောင် ဆောင်ရွက် နိုင်ရန်အတွက် အရေးကြီးသော မေးခွန်းများကိုသာ နှုတ်ဖြင့်ဖြေကြားရန်အတွက် ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးရန်နှင့် ကျန်မေးခွန်းများအား စာဖြင့်ဖြေကြားပေးရန် ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းကြရန်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တိုင်းအား ပုံမှန်အစည်းအဝေးများတွင် အနည်းဆုံးကြယ်ပွင့် ပြမေးခွန်းတစ်ခုစီ မေးမြန်းခွင့်ရရှိရေးအတွက် အလှည့်ကျဦးစားပေးစီစဉ်ဆောင်ရွက် ပေးရန်၊ အစည်းအဝေးပြီးဆုံးချိန်တွင် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများရှိပါက စာဖြင့် ဖြေဆိုပေးရန်၊

(ဂ) ပြည်သူ့လွှတ်တော်နည်းဥပဒေတွင် မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းအတွက် အချိန် ကန့်သတ်ထားခြင်းမရှိပါ။ ပြည်သူ့လွှတ်တော်အစည်းအဝေးအတွင်း မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေဆိုခြင်းဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် အချိန်ကိုမျှတစွာအသုံးမပြုဘဲ လိုအပ်သည်ထက် ရှည်လျားစွာ မေးခွန်းများမေးမြန်း ခြင်း၊ ဖြေကြားခြင်းများပြုနေကြသဖြင့် သတ်မှတ်သော မေးခွန်းချိန်အတွင်း ကျန် မေးခွန်းများ မေးမြန်းရန်အတွက် အချိန်မလုံလောက်သောကြောင့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းမေးမြန်းခွင့် အခွင့်အရေးများ ဆုံးရှုံးနေကြောင်း တွေ့ရှိရပါတယ်။ ထို့အတွက်ကြောင့် မေးခွန်းတစ်ခုစီအတွက် မေးမြန်းချိန် ၃ မိနစ်နှင့် ဖြေဆိုချိန် ၃ မိနစ်သတ်မှတ်ဆောင်ရွက်ရန်၊ အဆိုပါအချိန်သတ်မှတ်ချက်ကို နည်းဥပဒေ တွင်ထည့်သွင်းပြဋ္ဌာန်းသတ်မှတ်ပေးရန်၊

**မူကြမ်း**

(ဃ) အစည်းအဝေး အစီအစဉ်တစ်ခုတွင် မေးခွန်းချိန် တစ်နာရီအတွင်း မေးခွန်း ၈ ခု မေးမြန်းခွင့်ပြုရန်၊ မေးခွန်းမေးမြန်းသည့်အခါတွင် အချိန် ၃ မိနစ်အတွင်း ပြီးစီးရေးအတွက် လိုရင်းအချက်ကို ထိထိမိမိဖြင့် သံခိပ်အတိုချုပ် ရေးသားမေးမြန်းရန်နှင့် ယင်းမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များထံ အစည်းအဝေးမစမီ ကြိုတင်ဖြန့်ဝေထားရန်၊

(င) မေးခွန်းနှင့်ဆက်စပ်၍ ကျိုးကြောင်းဖော်ပြချက်များရှိပါက မေးမြန်းချိန် ၃ မိနစ်အတွင်း လွှတ်တော်အစည်းအဝေးတွင် တင်ပြရန်မလိုဘဲ ယင်းအချက်များအား သီးခြား စာဖြင့် အပြည့်အစုံရေးသားဖော်ပြပြီး သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများထံသို့ တင်ပြရန်အတွက် လွှတ်တော်ရုံးသို့ သီးခြားပေးပို့ရန်။

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အစည်းအဝေးမှ ညှိနှိုင်းသဘောတူညီချက်များကို လွှတ်တော်မှ အတည်ပြုပေးပါရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန်အတွက် အစီရင်ခံတင်ပြအပ်ပါသည်။ လွှတ်တော်အခွင့်အရေးကော်မတီ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏(၁/၂၀၁၄)အစီရင်ခံစာပါ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုမှရရှိသော ညှိနှိုင်းသဘောတူညီတဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကိုအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများ၊ မေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**မြောက်ဦးမြို့ရှိ သမိုင်းဝင် မာန်ငါးပါးဘုရားသို့သွားသည့် ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေးအဖွဲ့ဝင်များအားလုံး ရွှင်လန်းသာယာရှိကြပါစေဟု ဆန္ဒပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောက်ဦးမြို့ရှိ သမိုင်းဝင်မာန်ငါးပါး ဘုရားများသို့သွားသည့် ပျက်စီးနေသော ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြောက်ဦးမြို့ဟာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုစည်းတည်ရှိရာ နယ်မြေဖြစ်ပါတယ်။ ၁၄၃၀ ခုနှစ်မှ စတည်ခဲ့တဲ့မြို့ရိုး တံတိုင်း၊ နန်းတော်ရာကုန်းနှင့် သမိုင်းဝင်ဘုရားပုထိုးစေတီများ တည်ရှိနေသော နယ်မြေလည်းဖြစ်ပါတယ်။ ပုဂံကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများ၊ နိုင်ငံတကာသမိုင်းပညာရှင်များ၊ သုတေသီများ၊ ပြည်တွင်းဘုရားဖူးများ စိတ်ဝင်စားမှုရှိသော ဒေသလည်းဖြစ်ပါသည်။ မြောက်ဦးဒေသ ဖွံ့ဖြိုးတိုးတက်ရေးဟာ ရခိုင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်း အလွန်အရေးကြီးပါတယ်။ ဤနယ်မြေဟာ ရခိုင်တို့ရဲ့ အနုပညာ၊ ယဉ်ကျေးမှုနှင့်ဆက်စပ်နေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတစ်ခုဖြစ်သော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအတွက်ပါ အကျုံးဝင်လျက်ရှိပါတယ်။ အရှေ့တောင် အာရှနိုင်ငံများတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသည် အလွန်အောင်မြင်လျက်ရှိနေပြီဖြစ်သောကြောင့် မြောက်ဦးဒေသကို အထူးအာရုံစိုက်သင့်သော ဒေသတစ်ခုအဖြစ်မှတ်ယူရမည်ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြောက်ဦးဒေသ၌ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသည်များ၊ သမိုင်းပညာရှင်များ၊ ဘုရားဖူးဧည့်သည်များ တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားဝင်ရောက်လာနေကြသည်ကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ သူတို့ဝင်ရောက်လာမှုကြောင့် ဒေသခံစီးပွားရေးသမားများ၊ ဟိုတယ်ပိုင်ရှင်များ၊ ဧည့်ရိပ်သာပိုင်ရှင်များနှင့် ယာဉ်ပိုင်ရှင်များ ဝင်ငွေချောင်ချောင်လည်လည် ရရှိလာပြီဖြစ်သလို နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေရရှိနေပြီဖြစ်ပါတယ်။ သို့သော် ကမ္ဘာလှည့်ခရီးသွားများအတွက် ဘုရား၊ ပုထိုး၊ စေတီ

ကျောင်းများသို့ လေ့လာရေးသွားရာ၌ လမ်းအစိတ်အပိုင်းတချို့ ပျက်စီးနေခြင်း၊ ကတ္တရာလမ်းများ ပေါက်ပြဲနေခြင်းများရှိနေ၍ သွားလာရေးအခက်အခဲရှိနေရပါတယ်။ အထူးသဖြင့် မာန်ငါးပါးဘုရား များသို့သွားသည့် ကတ္တရာလမ်းများ ပျက်စီးယိုယွင်းလျက်ရှိနေပါသည်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့က နိုင်ငံတော်ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မြောက်ဦးမြို့ခရီးစဉ်တွင် ဒေသအာဏာပိုင်များ၊ ရပ်မိရပ်ဖများ၊ အထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံစဉ် မာန်ငါးပါးဘုရားများသို့သွားသည့် ၄ မိုင် အရှည်ရှိသည့် ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပေးရန်အတွက် ရန်ပုံငွေချထားပေးရန် တင်ပြခဲ့မှုအပေါ် ဒုတိယသမ္မတက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်ကိုလည်း သိရှိရပါ တယ်။ ထို့ကြောင့် မာန်ငါးပါးဘုရားသို့သွားသည့် ပျက်စီးနေသော ကတ္တရာလမ်းများကို အမြန်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြောက်ဦးမြို့ရှိ သမိုင်းဝင်မာန်ငါးပါးဘုရား ပုထိုးစေတီများသို့ သွားရာပျက်စီးနေပြီဖြစ်သော စုစုပေါင်း လေးမိုင်အရှည်ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ အစီ အစဉ်ရှိထားပြီးဖြစ်ပါသလား။ အစီအစဉ်ရှိထားပြီးဖြစ်ပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည် ကိုသိရှိလိုပါသောကြောင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ မြောက်ဦးမြို့ မာန်ငါးပါးဘုရားသွားလမ်းဟာ ၄ မိုင် ကတ္တရာခင်းမည်ဆိုပါက ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၄၀၀၊ ၎င်းလမ်းပေါ်မှာ ရေပြွန် ၄ ပေ x ၄ ပေ x ၁၈ ပေ လေးစင်းတည်ဆောက်ခြင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂ သန်း၊ တေဇာရာမချောင်းကူးတံတားအား ကွန်ကရစ်တံတား ၇၅ ပေ x ၁၄ ပေ x

၁၈ ပေ အဖြစ်ပြုလုပ်ရန်ခန့်မှန်းတန်ဖိုးငွေ ကျပ်သန်း ၁၅၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၂ သန်းကုန်ကျမှာဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ၁၂-၃-၂၀၁၄ ကနေပြီးတော့ ၁၃-၃-၂၀၁၄ နေ့ထိ မြောက်ဦးမြို့ကို ရောက်ရှိတဲ့ခရီးစဉ်မှာ မြောက်ဦးမြို့ပေါ်မှာရှိတဲ့ မာန်ငါးပါးဘုရားသို့သွားသည့်လမ်းအား ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။ အဆိုပါလမ်းများကို ကတ္တရာလမ်း အဖြစ်ဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး ရှေးဟောင်းသုတေသနဌာနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနစုအနေနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်း လမ်းဖောက်လုပ်မှုနှင့် ပတ်သက်ပြီးတော့ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်း သတ်မှတ်ချက်များနှင့် ညီညွတ်စွာ ဖောက်လုပ်မည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း သဘောထား မှတ်ချက်ပြန်ကြားထားပါတယ်။ သို့ဖြစ်ပါ၍ သမိုင်းဝင်မာန်ငါးပါးဘုရားသွားလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းပေးနိုင်ရေးဆောင်ရွက်ရန် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ၂၀-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၃၈၁/စီမံကိန်း- ၁/ကျေးလက်(ရခ)ဖြင့် တင်ပြထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**မောက်မယ်မြို့နယ်ရှိ နောင်နင်းရေလှောင်ဆည်နှင့် ရေထိန်းတံခါး ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာရေးအဖွဲ့ဝင် များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ မောက်မယ်မြို့နယ် နောင်နင်းတောင်ရေလှောင်ဆည်နှင့် ရေထိန်း တံခါး စနစ်တကျဆောက်လုပ်ပေးနိုင်ရန် ဒေသခံတောင်သူလယ်သမားများကိုယ်စား မေးခွန်းမေးမြန်း ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မောက်မယ်မြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသဖြင့် မြို့၏နယ်နိမိတ်ဘေးပတ်

လည်တွင် လယ်ကွင်းများဖြင့် ဝန်းရံလျက်ရှိပါသည်။ ဆည်ရေသောက်လယ်မြေအသီးသီးပိုင်းခြားထားပြီး ယခုတင်ပြသည့် နောင်နင်းရေထွက်မှာ မြို့၏အနောက်ဘက်တွင် တည်ရှိပါသည်။ တောင်နောင်နင်းနှင့် မြောက်နောင်နင်းဟူ၍ တောအုပ်နှစ်ခုရှိပြီး တောင်နောင်နင်းကို အမှီပြု၍ စိုက်ဧက ၁၀၀၀ ကျော် နှစ်စဉ် ရေရယူစိုက်ပျိုးကြရပါသည်။ ဆည်ရေသောက်ဧကအတွင်းရှိ ဒေသခံတောင်သူများမှ စုပေါင်း၍ သစ်ရိုက်မြေဖို့ဆည်တစ်ခု ဆောင်ရွက်ထားပါသည်။ မြေဖို့ဆည်ဖြစ်သဖြင့် ရေကြီးချိန်တွင်ယိုတတ်ခြင်း၊ ပေါက်တတ်ခြင်း၊ စနစ်တကျရေခွဲဝေရန် မလွယ်ကူခြင်းစသည့်အခက်အခဲများကို ဒေသခံတောင်သူဦးကြီးများမှ နှစ်စဉ်ကြုံတွေ့နေရပြီး နှစ်စဉ်ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေကြရပါသည်။ ဆည်ဖို့ပြုပြင်ရာတွင်လည်း လူအင်အား ၁၀၀ ကျော်ဝန်းကျင် အသုံးပြုရပြီး စိမ့်တောအတွင်း၌လည်း တူးယူရရှိမည့် မြေသားများ ခက်ခဲရှားပါးလာမည်ဖြစ်ပါတယ်။ ထို့ကြောင့် ကျေးလက်လူထုတွေ့ဆုံပွဲများတွင်လည်းကောင်း၊ အပတ်စဉ်ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်းကောင်း၊ ရပ်မိရပ်ဖများနှင့် ရပ်/ကျေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အထောက်အကူပြုကော်မတီများမှ ခေတ်မီခိုင်ခံ့ကောင်းမွန်သော ကွန်ကရစ်ရေလွှဲဆည်နှင့် ရေထိန်းတံခါးအဖြစ် ဆောင်ရွက်ပေးပါရန် တင်ပြတောင်းဆိုခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မောက်မယ်မြို့နယ် နောင်နင်းဆည်ရေသောက် တောင်သူလယ်သမားများ၏ကိုယ်စား အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါသည်။ (က) နောင်နင်းရေလွှဲဆည်နှင့် ရေထိန်းတံခါး ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မောက်မယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ မောက်မယ်မြို့နယ်မှာရှိတဲ့ နောင်နင်းရေလွှဲဆည်နှင့် ရေထိန်းတံခါးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ လုပ်ငန်းစာရင်းမှာ ထည့်သွင်းလျာထားပေးမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိပါက

အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ခေတ်အဆက်ဆက်က ဂရန်ချထားပေးခြင်းမရှိသော မြေကွက်များကို စည်ပင်သာယာက ဂရန်ချပေးပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုခြင်းနှင့် ပန်းခြံများကို ဖျက်သိမ်းပြီး ပုဂ္ဂလိကအဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်းတို့မှာ ဥပဒေနှင့်ညီ/မညီနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများနှင့် အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဝင်လည်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးရပြီးတဲ့နောက် ဖဆပလအစိုးရခေတ်၊ လမ်းစဉ်ပါတီခေတ်များမှာ ရန်ကုန်မြို့တော်နေရာအနှံ့အပြား အများအပြားမှာ ဥယျာဉ်ပန်းခြံများ တည်ဆောက်ထားခဲ့ပါတယ်။ အများပြည်သူအပန်းဖြေ အနားယူနိုင်ရန်နဲ့ ကလေးသူငယ်ကစားကွင်းများအတွက် ရည်ရွယ်ပြီး တည်ဆောက်ထားခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်မှာဆိုရင် မဟာဗန္ဓုလပန်းခြံ၊ သခင်မြပန်းခြံ၊ ကန်တော်မင်္ဂလာပန်းခြံစသဖြင့် အထင်အရှားရှိခဲ့ပြီး ဟိုးယခင်က မြို့စွန်၊ မြို့ဖျားလို့ဆိုလောက်တဲ့ ရန်ကင်းမြို့နယ်မှာ SONTRA Park လို ဥယျာဉ်ပန်းခြံဆောက်လုပ်ခဲ့ပါတယ်။ ဒါပေမယ့် ယခုအခါမှာတော့ အဲဒီပန်းခြံ အချို့နဲ့ အချို့ဂရန်ထုတ်မပေးထားတဲ့ မြေကွက်တွေမှာ အချိန်တိုကာလအတွင်းမှာပဲ ပန်းခြံအဖြစ်ကနေပြီး လူနေတိုက်တာ အဆောက်အအုံတွေအဖြစ် လျင်မြန်စွာအသွင်ကူးပြောင်းနေတာကို တွေ့ရပါတယ်။ ဒီလိုအသွင်ကူးပြောင်းရာမှာလည်း နိုင်ငံအတွက်အကျိုးရှိမယ့်၊ ပြည်သူများအတွက် အကျိုးရှိမယ့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ သက်ဆိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ခေတ်အဆက်ဆက်က အစိုးရအသီးသီးလက်ထက်မှာ ပြည်သူများအပန်းဖြေရန်နှင့် ကလေးငယ်များအပျင်းပြေကစားနိုင်ရန် ရည်ရွယ်ထားတဲ့ပန်းခြံများဟာ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ မျက်လှည့်ပြလိုက်

သလို တစ်မဟုတ်ခြင်း အဆောက်အအုံများ ဖန်တီးလိုက်တဲ့ စည်ပင်သာယာရေးကော်မတီများအပေါ် ပြည်သူတွေက မကျေမနပ်ဖြစ်လျက်ရှိကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်များကို စည်ပင်သာယာသို့ လွှဲပြောင်းလိုက်တဲ့အချိန်ကစပြီး မြေကွက်မြင်ရင်အဆောက်အအုံဆောက်လုပ်ရန် ပြင်ဆင်နေတာကို တွေ့ရပါတယ်။ ဒီ့အပြင် ခေတ်အဆက်ဆက်က ဂရန်ချမပေးတဲ့ မြေကွက်များကို လည်းဂရန်ချထားပြီး အဆောက်အအုံများဆောက်လုပ်ခွင့်ပြုလျက်ရှိပါတယ်။ ဒါ့ကြောင့် လေးစား အပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် စည်ပင်သာယာအဆောက်အအုံများနှင့်စပ်လျဉ်းပြီး အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ (က) ခေတ်အဆက်ဆက်ဂရန် ချမပေးထားသော မြေကွက်များကို စည်ပင်သာယာက ဂရန်ချပေးပြီး အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်းမှာ ဥပဒေနှင့်ညီ/မညီ။ (ခ) အများပြည်သူတို့ အပန်းဖြေရန် ခေတ်အဆက်ဆက် ကခွင့်ပြုထားတဲ့ ပန်းခြံများကို ဖျက်သိမ်းပြီး ပုဂ္ဂလိကအဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်းဟာ ဥပဒေနှင့်ညီ/မညီ။ (ဂ)တရားမဝင်သော အဆောက်အအုံများဖြစ်လျှင် နောင်အလားတူအဖြစ်မျိုးမဖြစ် စေရန် ရည်ရွယ်ပြီးတော့ ပြန်လည်ပယ်ဖျက်နိုင်ခြင်းရှိ/မရှိ။ (ဃ) အဆိုပါကိစ္စများတွင် အဂတိ လိုက်စားမှုရှိ/မရှိ စုံစမ်းဖော်ထုတ်ပေးရန်လို/မလို။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းခဲ့တဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဟာ အောက်ဖော်ပြပါ မြေနေရာများနှင့်စပ်လျဉ်း ပြီးတော့ မြေငှားစာချုပ်(ဂရန်)ထုတ်ပေးဆောင်ရွက်လျက်ရှိပါတယ်။ (က) ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ သို့မဟုတ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေချပါမစ်ထုတ်ပေးခဲ့တဲ့ မြေနေရာများ၊ (ခ) အဆောက်အဦများနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီမှ နိုင်ငံပိုင်သိမ်း ဆည်းထားသော ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများနှင့်ပတ်သက်၍ မြေဂရန်ဆောင်ရွက်ပေးရန်

အကြောင်းကြားလာသောမြေနေရာများ၊ (ဂ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ မြေဂရန်ဆောင်ရွက်ပေးရန် အကြောင်းကြားလာသော မြေနေရာများ၊ (ဃ) ပြည်ထဲရေးဝန်ကြီးဌာနအမိန့်နဲ့ မြေပေါ်မှာ အမှန် တကယ်လက်ရှိနေထိုင်သူများကိုသာ ပြန်လည်နေရာချထားအမည်ပေါက်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်တဲ့ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၇ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းပေးတဲ့မြေနေရာများ၊ (င) မြေပေါ်နေသူများရဲ့တင်ပြချက်အရ သက်ဆိုင်ရာ အစိုးရရဲ့ခွင့်ပြုချက်ဖြင့် ဂရန်ပေးစီမံချက်ဆောင်ရွက်ပေးခဲ့တဲ့ မြေနေရာများ၊ မြေငှားစာချုပ်(ဂရန်) အမည်ပေါက်သူ သို့မဟုတ် ၎င်းမှ မှတ်ပုံတင်စာချုပ်စာတမ်းရုံးမှာ ကိုယ်စားလှယ်လွှဲစာပေးအပ်ထားသူမှ အင်ဂျင်နီယာဌာန အဆောက်အအုံသို့ အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြပါက လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး အဆောက်အအုံဆောက်လုပ်ခွင့်ချထားပေးခြင်းသည် ၁၉၉၀ ပြည့်နှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအရ ထုတ်ပြန်ထားတဲ့ ဥပဒေနဲ့ နည်းဥပဒေတို့အရ ဆောင်ရွက်ခြင်းဖြစ်ပြီးတော့ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများအရ ကော်မတီ၊ မြို့တော်နယ်နိမိတ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ၊ အစိုးရဌာနအဖွဲ့ အစည်းပိုင်မြေ၊ အခွန်လွတ်သာသနာ့မြေနှင့် အခွန်လွတ်ဗဒ္ဓသိမ်မြေ၊ လယ်ယာမြေနှင့် မြေလွတ်မြေရိုင်း စတဲ့ မြေအမျိုးအစားများမှအပ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများ၊ ကော်မတီက တည်ဆဲ ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားသောမြေများ၊ ပုဂ္ဂလိကပိုင်မြေများနှင့် မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြစ်စေ၊ ပါမစ်ဖြစ်စေ၊ ပုဂ္ဂလိကအား နေထိုင်အသုံးပြုခွင့်ပေးထားသောမြေများကို မြို့ပြစီမံကိန်းနှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး ဥပဒေနှင့်အညီ မြေငှားစာချုပ်(ဂရန်)များ ထုတ်ပေးလျက်ရှိပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယခင်အစိုးရလက်ထက်၌ အများပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် ပန်းခြံကြီး၊ ပန်းခြံငယ် စုစုပေါင်း ၅၈ ခြံ တည်ဆောက်ထားရှိခဲ့ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ အင်းယားကန်ပေါင်ပန်းခြံ (ပြည်လမ်း)၊ အင်းယားကန်ပေါင်ပန်းခြံ(ကမ္ဘာအေး-၁)နှင့် အင်းယားကန်ပေါင်ပန်းခြံ(ကမ္ဘာအေး-၂) တို့ကိုအဆင့်မြှင့်တင်ပြီးတော့ ပန်းခြံအဖြစ်လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အာဇာနည်ဗိမာန်ပန်းခြံ၊ ဘုရင့်နောင်ပန်းခြံတို့ကို အဆင့်မြှင့်တင်ပြီးတော့ ပန်းခြံအဖြစ်သို့လည်းကောင်း၊ ၂၀၁၃-

၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဒဂုံဆိပ်ကမ်းပန်းခြံတို့ကို အသစ်တိုးချဲ့၍ ပန်းခြံအဖြစ်တည်ဆောက်ခြင်းအားဖြင့်လည်းကောင်း ဖော်ထုတ်နိုင်ခဲ့ပြီး တော်လှန်ရေးပန်းခြံအား တပ်နယ်စည်ပင်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့၍ စုစုပေါင်း ၆၃ ခြံအထိရှိခဲ့ပြီး အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံစုစုပေါင်း ခြောက်ခြံ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မဟာဗန္ဓုလပန်းခြံ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ ကန်တော်မင်္ဂလာပန်းခြံ၊ အာဇာနည်ဗိမာန်ပန်းခြံတို့ကို အဆင့်မြှင့်တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ သခင်မြပန်းခြံ၊ မြကျွန်းသာအပန်းဖြေဥယျာဉ်၊ ရွှေခင်းသာအပန်းဖြေဥယျာဉ်၊ ကန်သာယာ(ကုက္ကိုင်း)ပန်းခြံ၊ ကန်သာယာ(မြောက်ဥက္ကလာပ)ပန်းခြံ စုစုပေါင်းပန်းခြံငါးခြံအား အဆင့်မြှင့်တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ အလားတူ သုမင်္ဂလာပန်းခြံ၊ ဒဂုံတောင်ပန်းခြံ၊ ဒဂုံအရှေ့ပန်းခြံ၊ ဒဂုံပန်းခြံ၊ ဇီဝကပန်းခြံ၊ ပဒုမ္မာပန်းခြံ၊ သွေးဆေးကန်ပန်းခြံ၊ ဇေယျာမြိုင်ပန်းခြံ၊ ပုလဲမဟာမြိုင်ပန်းခြံ၊ အမှတ်တရဗိုလ်ချုပ်ပန်းခြံ၊ ဆိပ်ကြီးခနောင်တိုပန်းခြံ၊ အင်းယားပန်းခြံ၊ နံ့သာမြိုင်ပန်းခြံ၊ အင်းစိန်ပန်းခြံ၊ မြနန္ဒာပန်းခြံနှင့် လှိုင်သာယာပန်းခြံ စုစုပေါင်း ၁၆ ခြံတို့ကိုလည်း မွမ်းမံပြင်ဆင်မည်ဖြစ်ရာ တိုင်းဒေသကြီးသို့ ဘဏ္ဍာရေးလျာထားငွေ သတ်မှတ်တင်ပြဆောင်ရွက်ပြီးလည်းဖြစ်ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ တာဝန်ယူထိန်းသိမ်းလျက်ရှိတဲ့ အများပြည်သူတို့ အပန်းဖြေရန် ခေတ်အဆက်ဆက်က ခွင့်ပြုထားတဲ့ ပန်းခြံများကိုဖျက်သိမ်း၍ ပုဂ္ဂလိကအဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုပြီး မြေဂရန်ထုတ်ပေးထားတဲ့ပန်းခြံများမရှိသကဲ့သို့ အများပြည်သူများလွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ထပ်မံတိုးပွားလာရေး အသစ်ဖော်ထုတ်ခြင်းများကိုသာ ဦးတည်တည်ဆောက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အထက်အပိုဒ် ၁ နဲ့ အပိုဒ် ၂ ပါမြေများကို ဥပဒေနှင့်အညီ မြေငှားစာချုပ်(ဂရန်)များ ထုတ်ပေးလျက်ရှိပြီး အများပြည်သူတို့ အပန်းဖြေရန် ခေတ်အဆက်ဆက်က ခွင့်ပြုထားသော ပန်းခြံများကို ဖျက်သိမ်း၍ ပုဂ္ဂလိကအဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်းများ လုံးဝမရှိခဲ့ကြောင်းနှင့် တာဝန်ယူထိန်းသိမ်းလျက်ရှိသော ပန်းခြံ စုစုပေါင်း ၆၃ ခြံအား အများပြည်သူများ လွတ်လပ်ပျော်ရွှင်စိတ်ချမ်းမြေ့ အပန်းဖြေအနားယူနိုင်ရန်အတွက် အဆင့်မြှင့်တည်ဆောက်ခြင်း၊ မွမ်းမံပြုပြင်တည်ဆောက်ခြင်း၊ ပန်းခြံများအသစ်တိုးချဲ့ တည်ဆောက်

ခြင်းများကိုသာ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အုတ်တွင်းမြို့နယ်ရှိ နတ်ရေတွင်းချောင်း ပြန်လည်တူးဖော်ရာတွင် စစ်တောင်းမြစ်သို့ရောက်သည်အထိ တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နတ်ရေတွင်းချောင်း တူးဖော်ရေးနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဘုရားနှစ်ဆူကျေးရွာမှာ နတ်ရေတွင်းချောင်းကို ပြန်လည်တူးဖော်မယ်လို့ သိရှိရပါတယ်။ အဲ့ဒီချောင်းကို တစ်ဆက်စပ်တည်း ဘုရားနှစ်ဆူကျေးရွာအုပ်စုနှင့် တစ်ဆက်စပ်တည်းရှိတဲ့ မြက်နီကွင်းကျေးရွာအုပ်စုအထိ တူးဖော်ဖို့လိုအပ်ပါတယ်။ အကြောင်းကတော့ ချောင်းများရဲ့ထိပ်မှာဆိုလို့ရှိရင် နွေစပါးစိုက်ဖို့လို့ လယ်ဧက ၃၀၀ ခန့်ရှိပါတယ်။ အဲ့လိုတူးခြင်းအားဖြင့် အဲ့ဒီလယ်ဧက ၃၀၀ အတွက်ကို ကျွန်တော်တို့ တရားဝင်စိုက်ပျိုးရေ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နတ်ရေတွင်းချောင်းကိုပြန်လည်တူးဖော်မယ်ဆိုလို့ရှိရင် စစ်တောင်းမြစ်ထိတူးခြင်းအားဖြင့် ချောင်းအား ရေပေးမြောင်းအဖြစ်လည်းကောင်း၊ ရေနုတ်မြောင်းအဖြစ်လည်းကောင်း ပြည့်စုံရုံတင်မက တစ်ဆက်စပ်တည်းရှိတဲ့ ပဲစိုက်တောင်သူလယ်သမားများအတွက်ပါ ရေတာတမံအဖြစ် ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနတ်ရေတွင်းချောင်းကို ပြန်လည်တူးဖော်မယ်ဆိုလို့ရှိရင် အကျိုးကျေးဇူးတွေကတော့ ကျွန်တော်တို့ နွေစပါးစိုက်ပျိုးနိုင်မယ်။ တစ်ခါ ပဲစိုက်တဲ့တောင်သူလယ်သမားတွေအတွက် အကျိုးရှိမယ်။ တစ်ခါ အင်းလုပ်ငန်းလုပ်ကိုင်နေသူတွေအတွက် အဆင်ပြေချောမွေ့မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် အောက်ပါမေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဘုရားနှစ်ဆူကျေးရွာအုပ်စုအတွင်းရှိ နတ်ရေတွင်းချောင်းအား စစ်တောင်းမြစ်သို့ပြန်လည်တူးဖော်ရာတွင် စစ်တောင်းမြစ်သို့ရောက်ရှိသည့်တိုင်အောင် ပြန်လည်တူးဖော်နိုင်ခြင်း အစီအစဉ်ရှိပါသလား။ ရှိပါက မည်သည့်အချိန်တွင်တူးဖော်ပေးမည်ကို သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်မေးမြန်းခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ နတ်ရေတွင်းချောင်းဟာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်အတွင်းတွင်တည်ရှိပြီးတော့ အလယ်ရိုးမမှစတင်စီးဆင်းလာရာ ရန်ကုန်-မန္တလေးမော်တော်ကားလမ်းနှင့် မီးရထားလမ်းတို့ကိုဖြတ်ပြီးတော့ အင်း ပက်လက်အင်းထဲသို့ စီးဝင်ပါတယ်။ အင်းပက်လက်အင်းမှတစ်ဆင့် အင်းပက်လက်ချောင်း အတိုင်း တောင်လျှိုအင်း၊ လှေဆွဲမြောင်တို့ကိုဖြတ်ပြီးတော့ စစ်တောင်းမြစ်အတွင်းကို စီးဝင်ပါတယ်။ မိုးရာသီမှာ ရိုးမပေါ်မှာ မိုးသည်းထန်စွာရွာသွန်းချိန်မှာ ဒေသအတွင်းတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းချိန်နှင့် တိုက်ဆိုင်တဲ့အခါမျိုးမှာ နတ်ရေတွင်းချောင်းအတွင်းစီးဝင်လာတဲ့ တောင်ကျရေများမှာ ရေစီးလျင်မြန်ခြင်း၊ အဆမတန်များပြားခြင်းအပြင် နှစ်ကာလကြာမြင့်လာတာနဲ့အမျှ ချောင်းကြမ်းပြင်မြင့်တက်လာခြင်းနှင့် ချောင်းဘေးတစ်လျှောက်မှာရှိတဲ့ အမှိုက်များ၊ ခြုံနွယ်များရှိနေခြင်းတို့ကြောင့် ရေစီး ဆင်းမှုကို အဟန့်အတားဖြစ်စေပြီးတော့ ကျေးရွာများချောင်းရေလျှံမှု ဖြစ်ပေါ်ရခြင်းဖြစ်ပါတယ်။ နတ်ရေတွင်းချောင်းမှာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပါတယ်။

အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ နတ်ရေတွင်းချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဒေသမှတင်ပြချက်အရ အင်းပက်လက်အင်းမှ အပေါ်ဘက်ကို အလျား ၁.၆ မိုင်၊ မြေကြီး ၄၆၅၀ ကျင်းအား ဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ခု တိုင်းဒေသကြီးရန်ပုံငွေ(BE)မှာ ရန်ပုံငွေရရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် ပွင့်လင်းရာသီမှာ လုပ်ငန်းစတင်ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါတယ်။ ယခုတင်ပြထားတဲ့ တူးဖော်ရမယ့်အပိုင်းဖြစ်တဲ့ နတ်ရေတွင်းချောင်း(မြက်နီကွင်းကျေးရွာအုပ်စု)မှာ ပွင့်လင်းရာသီမှာ ဆောင်ရွက်ရမယ့် နတ်ရေတွင်းချောင်း(ဘုရားနှစ်ဆူကျေးရွာအုပ်စု) အပိုင်းရဲ့အထက်ဘက် ရန်ကုန်-မန္တလေးမော်တော်ကားလမ်းအထိ အပိုင်းဖြစ်ပါတယ်။ အလျား နှစ်မိုင်ရှိပြီးတော့ မြေကြီး ၈၅၀၀ ကျင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် ခန့်မှန်းကုန်ကျငွေကျပ် ၃၄.၈ သန်း ဖြစ်ပါတယ်။ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၅)မှ အုတ်တွင်းမြို့နယ်အတွင်း ခပေါင်းဆည်ရေသောက်စနစ် ရေပေး

**မူကြမ်း**

မြောင်းများဆောင်ရွက်ခြင်းနှင့်အတူ လိုအပ်တဲ့ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ တူးဖော်ဆောင်ရွက်ခဲ့ရာ နတ်ရေတွင်းချောင်းနှင့် အင်းပက်လက်ချောင်းဆုံတဲ့နေရာကနေပြီးတော့ အင်းပက်လက်ချောင်းကို လှေဆွဲမြောင်အထိ အလျား ၄.၃၄ မိုင်ကို တူးဖော်ခဲ့ပြီးဖြစ်ပါတယ်။ လှေဆွဲမြောင်ကနေပြီး စစ်တောင်းမြစ်အထိ အလျား ၁ မိုင်ဆက်လက်တူးဖော်ရမည်ဖြစ်ပြီးတော့ မြေကြီး ၄၂၂၄ ကျင်း ဆောင်ရွက်ရမည်ဖြစ်ပြီးတော့ ခန့်မှန်းကုန်ကျငွေကျပ် ၁၇.၃၀ သန်းကုန်ကျမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အုတ်တွင်းမြို့နယ် ဘုရားနှစ်ဆူကျေးရွာအုပ်စုနှင့် မြက်နီကွင်းကျေးရွာအုပ်စုတို့အတွင်းရှိ တောင်သူများ ရေကြီးနစ်မြုပ်မှုမှကင်းဝေးစေရန်နှင့် နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေရရှိနိုင်ရေးတို့အတွက် အထက်ဖော်ပြပါလုပ်ငန်းနှစ်ခု စုစုပေါင်းအလျားသုံးမိုင်၊ မြေကြီး ၁၂၇၂၄ ကျင်းဆောင်ရွက်ရမည်ဖြစ်ပြီးတော့ ခန့်မှန်းကုန်ကျငွေ ၅၂.၁၀ သန်းဖြစ်ပါတယ်။ ၎င်းလုပ်ငန်းအားဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံတော်အစိုးရအနေဖြင့် ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံသည့်ပုံစံအတိုင်း စက်မှုဇုန်ထုတ်ဂျစ်ကားနှင့် လိုက်ထရပ်ကားများကိုလည်း အပ်နှံခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ အစိုးရသစ်လက်ထက်တွင် မော်တော်ယာဉ်တင်သွင်းမှုပေါ်လစီကို ပြည်သူ့အကျိုးကိုရည်မျှော်၍ ပြောင်းလဲခဲ့သဖြင့် ယခုအခါ ပြည်သူများ ထိုက်သင့်သော ကားကောင်း၊ ကားသန့်များ ဈေးနှုန်းချိုသာစွာဖြင့် စီးလာနိုင်ပြီဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က ထုတ်လုပ်ခွင့်ပေးထားသော စက်မှုဇုန်ဂျစ်၊ လိုက်ထရပ် စသည့်ကားများမှာ နိုင်ငံခြားမှ ယာဉ်အိုယာဉ်ဟောင်းများမှ

ဖြုတ်ယူထားသောတံခါး၊ ရှေ့တန်းနောက်တန်း၊ အင်ဂျင်၊ ဂီယာဘောက်စ်နှင့် ဆက်စပ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားရသဖြင့် အရည်အသွေးမမီတော့ပါ။ စက်မှုဇုန်ကားများမှာ ၁၀ နှစ်ခန့်ကြာပြီဖြစ်တဲ့ အတွက်ကြောင့် အရည်အသွေးများလျော့ကျနေပါပြီ။ ယခု ၁၈၊ ၂၈ ယာဉ်များမှာ စက်မှုဇုန်ထုတ် ယာဉ်များနှင့်စာလျှင် လွန်စွာကောင်းမွန်နေပါသေးသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဇုန်ယာဉ်ပိုင်ဆိုင်သော ပြည်သူများအား အသက်အန္တရာယ်ပိုမိုလုံခြုံစိတ်ချရသော နိုင်ငံခြားဖြစ် ကားများ တင်သွင်းခွင့်ရရှိစေရေးအတွက် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်ပုံစံအတိုင်း စက်မှုဇုန် ထုတ်ဂျစ်၊ လိုက်ထရပ်ကားများ အပ်နှံခွင့်ရရှိစေရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါသဖြင့် ထိုသို့စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စီစဉ်ပေးမည်ဆိုပါကလည်း မည် သည့်ကာလတွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည် တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပျော်ဘွယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဇုန် ထုတ်ယာဉ်ပိုင်ဆိုင်သောပြည်သူများအား အသက်အန္တရာယ် ပိုမိုလုံခြုံစိတ်ချရသော နိုင်ငံခြားဖြစ်ကား များတင်သွင်းခွင့်ရရှိရေးအတွက် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်ပုံစံအတိုင်း စက်မှုဇုန်ထုတ်ဂျစ်၊ လိုက်ထရပ်ကားများ အပ်နှံခွင့်ရရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

၂၀၀၁ ခုနှစ်ကစပြီးတော့ စက်မှုဇုန်ထုတ်မော်တော်ယာဉ်တွေကို မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီရဲ့ စံနှုန်းသတ်မှတ်ချက်ခွင့်ပြုချက်နဲ့ သက်ဆိုင်ရာစက်မှုဇုန်များအလိုက် ကော်မတီများဖွဲ့စည်းပြီး ကြီးကြပ်မှုနဲ့ ထုတ်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ပြည်တွင်းစက်မှုဇုန်များမှ

ထုတ်လုပ်တဲ့ မော်တော်ယာဉ်တွေကို စက်မှုဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနတို့ ပူးပေါင်းတဲ့ One Stop Service အဖွဲ့နဲ့ ယာဉ်စစ်ဆေးပြီးတော့ ယာဉ်မှတ်ပုံတင်ဆောင်ရွက် ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် မေလကုန်အထိ စက်မှုဇုန်ထုတ်မော်တော်ယာဉ်စုစုပေါင်း ၉၈၃၃၄ စီး မှတ်ပုံတင်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယာဉ်အမျိုးအစားများအနေနဲ့ လူစီးယာဉ်များဖြစ်တဲ့ စတေရှင် ဝက်ဂွန်၊ ဂျစ်၊ အခြားယာဉ်များဖြစ်တဲ့ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ဗင်(န်)၊ ခရီးသည်တင်ယာဉ် များဖြစ်သော ဘတ်စ်၊ မိုက္ကရိုဘတ်စ်၊ ကုန်တင်လိုက်ထရပ်၊ လိုက်ထရပ်စသည်ဖြင့် အမျိုးအစားများ ထုတ်လုပ်လျက်ရှိပါတယ်။ ယခုထိလည်း ထုတ်လုပ်ခွင့်ပြုနေဆဲဖြစ်ပါတယ်။ စက်မှုဇုန်ထုတ်ယာဉ် များဟာ ၂၀၀၁ ခုနှစ်က စတင်ထုတ်လုပ်ခဲ့တဲ့အတွက်ကြောင့် မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကျော်သာ ရှိသေးကြောင်း တွေ့ရပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းစီမံချက်ကို ၁၁-၉-၂၀၁၁ ရက်နေ့ကစပြီး နိုင်ငံပိုင်သတင်းစာများမှာ သတင်း ထုတ်ပြန်ကြော်ငြာခဲ့ပြီး ၁၉-၉-၂၀၁၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ ဥပဒေအရ မှတ်ပုံတင်သက်တမ်း ၅ နှစ် ကျော်တဲ့အထိ သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိ၍ မှတ်ပုံတင် ဖျက်သိမ်းပြီးယာဉ်များမပါ မှတ်ပုံတင်သက်တမ်း ၄၀ ကျော်တဲ့ စ မှ ဇ အက္ခရာယာဉ်များကို လည်းကောင်း၊ ဒုတိယအဆင့်အနေနဲ့ ၈-၁၁-၂၀၁၁ ရက်နေ့မှာ အနှစ် ၃၀ ကျော်မှ အနှစ် ၄၀ အတွင်း ဈ၊ ည အက္ခရာယာဉ်များကိုလည်းကောင်း၊ တတိယအဆင့်အနေနဲ့ ၂-၁-၂၀၁၂ ရက်မှာ အနှစ် ၂၀ ကျော် ဏ အက္ခရာယာဉ်မှစ၍လည်းကောင်း အဆင့်ဆင့်ပိုင်ရှင်ရဲ့ဆန္ဒအရ ဖျက်သိမ်းခွင့်ပြုခဲ့ပါတယ်။ ယခုအခါ မှတ်ပုံတင်သက်တမ်းအရ နှစ် ၂၀ ကျော်ယာဉ်အိုယာဉ်ဟောင်းအဖြစ် ၁က အက္ခရာယာဉ် တွေကို ၄-၄-၂၀၁၄ ရက်ကစပြီး လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂က အက္ခရာယာဉ်များကို တော့ ၆-၁၀-၂၀၁၄ ရက်မှာ လက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် လေလံပြန်လည်မှတ်ပုံတင်ယာဉ်များကိုလည်း ၁၂-၇-၂၀၁၂ ရက်နေ့ကစ၍ လည်းကောင်း၊ အငှားယာဉ် Taxi အဖြစ် မှတ်ပုံတင်ထားတဲ့ယာဉ်များကို ရာသက်ပန်အငှားယာဉ် Taxi အဖြစ် တင်သွင်းရန်အတွက်လည်းကောင်း စီမံချက်ဖြင့် ဖျက်သိမ်းဆောင်ရွက်ခဲ့ရာမှာ ၆-၆-၂၀၁၄ ရက်နေ့အထိ ၁၃၀၅၁၈ စီး ဖျက်သိမ်းအပ်နှံပြီးဖြစ်ပါတယ်။ ယခင်ကလည်း စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့သည့် အရည်အသွေးနိမ့်ကျသော မော်တော်ယာဉ်များအတွက် ယာဉ်အိုယာဉ်ဟောင်းအပ်နှံ မှုမှာ ထည့်သွင်းဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၄ မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးရဲ့ ကြယ်ပွင့်ပြ မေးခွန်းအဖြစ်

မေးမြန်းခြင်းကိုလည်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ စက်မှုဇုန်များမှ ထုတ်လုပ်ပြီး အရည်အသွေး နိမ့်ကျတဲ့မော်တော်ယာဉ်များအတွက် ပိုင်ရှင်ရဲ့ဆန္ဒအရ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုမှာ ထည့်သွင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းလျက်ရှိပါကြောင်းနှင့် ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာပြည်တွင် လက်ရှိစပါးစိုက်ဧက၊ အထွက်နှုန်း၊ နိုင်ငံခြားတင်ပို့မှု၊ ပြည်တွင်းစားသုံးမှု ဆန်တန်ချိန် နှင့်လူတစ်ဦး တစ်နှစ်စားသုံးမှု ဆန်(တင်း)တို့အား သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်ကိုယ်စား ဦးညီညီမြင့်၊ ဘုတ်တွင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီမြင့်(ဘုတ်တွင်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်း ဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ကိုယ်စားမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြောင်း၊ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း သည် တောင်သူလယ်သမားများဖြစ်ကြောင်း သိရှိရပါတယ်။ သို့ပါ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် ဆန်စပါးနှင့်ပတ်သက်သည့် အချက်အလက်များ အသေးစိတ်ကောက်ယူ ခဲ့ကြောင်းသိရှိရပါတယ်။ ဥပမာ- စပါးစိုက်ဧကအနေနဲ့ ၁၉၁၃-၁၉၁၄ မှ ၁၉၂၂-၁၉၂၃ အထိ စိုက်ဧက ၁၀ သန်းကျော်၊ ၁၉၂၃-၁၉၂၄ မှ ၁၉၂၇-၁၉၂၈ အထိ စိုက်ဧက ၁၁ သန်းကျော်၊ ၁၉၂၈-၁၉၂၉ မှ ၁၉၄၀-၁၉၄၁ အထိ စိုက်ဧက ၁၂ သန်းကျော်၊ ၁၉၄၅-၁၉၄၆ တွင် စိုက်ဧက ခြောက်သန်းကျော်၊ ၁၉၄၇-၁၉၄၈ မှ ၁၉၅၄-၁၉၅၅ အထိ စိုက်ဧက ကိုးသန်းကျော်၊ ၁၉၅၅-၁၉၅၆ မှ ၁၉၆၂-၁၉၆၃ အထိစိုက်ဧက ၁၀ သန်းကျော်၊ ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၅ တွေမှာ စိုက်ဧက ၁၂ သန်းကျော်ရှိကြောင်း သိရှိရပါတယ်။

အလားတူ စပါးအထွက်နှုန်း ထွက်သည့်ဆန်၊ နိုင်ငံခြားတင်ပို့သည့်ဆန်၊ ပြည်တွင်းစားသုံးမှုဆန် မှာလည်း မှတ်တမ်းမှတ်ရာများရှိခဲ့ပါတယ်။ ၁၉၃၉-၁၉၄၀ မှာ နိုင်ငံခြားကို ဆန်တန်ချိန် သုံးသန်း ကျော်တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်းစားသုံးမှုလက်ကျန် ငါးသိန်းကျော်သာ ကျန်တဲ့အတွက် ပြည်တွင်း ငတ်မွတ်ခေါင်းပါးမှုနဲ့ ကြုံတွေ့ခဲ့ရကြောင်း သိရှိရပါတယ်။ ၁၉၆၄-၁၉၆၅ မှာ နိုင်ငံခြားကို ဆန်တန်ချိန်

တစ်သန်းကျော်ပို့နိုင်ခဲ့ပြီး ပြည်တွင်းစားသုံးမှုဆန်တန်ချိန် သုံးသန်းကျော်ရှိကြောင်း သိရှိရပါတယ်။ အလားတူ လူတစ်ဦးချင်း ဆန်စားသုံးမှုပြုစုထားတာကိုလည်း တွေ့ရှိရပါတယ်။ ၁၉၁၃-၁၉၁၄ မှ ၁၉၁၆-၁၉၁၇ အထိ လူတစ်ဦးတစ်နှစ်ဆန်စားသုံးမှုဟာ ၄.၃၄ တင်းရှိပြီး ၁၉၁၇-၁၉၁၈ မှ ၁၉၂၉-၁၉၃၀ အထိ လူတစ်ဦးတစ်နှစ်ဆန်တန်ချိန်၊ ဆန်စားသုံးမှုဟာ သုံးတင်းကျော်ရှိပါတယ်။ ၁၉၃၀-၁၉၃၁ မှ ၁၉၄၀-၁၉၄၁ အထိ လူတစ်ဦးတစ်နှစ်ဆန်စားသုံးမှု နှစ်တင်းခွဲပတ်ဝန်းကျင်ရှိခဲ့ပါတယ်။ ၁၉၄၅-၁၉၄၆ မှ ၁၉၆၂-၁၉၆၃ အထိ လူတစ်ဦးတစ်နှစ် ဆန်စားသုံးမှု သုံးတင်းကျော်ရှိပြီး ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၅ တွေမှာ တော့ လူတစ်ဦးတစ်နေ့ဆန်စားသုံးမှုက လေးတင်းကျော်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာပြည်တွင် လက်ရှိဆန်စပါးစိုက်ဧကထွက်နှုန်း၊ နိုင်ငံခြားတင်ပို့ဆန်စျေးနှုန်း၊ ပြည်တွင်းစားသုံးမှုဆန်၊ လူတစ်ဦးတစ်နှစ်စားသုံးမှုဆန် တင်းတို့အား စာရင်းဇယားများထားရှိမှုအခြေအနေကို သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

[ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်ကိုယ်စား ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရမယ်ဆိုလျှင် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများအား ဖြေလျှော့ပြီး ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်ပပို့ကုန်များ တိုးတက်မြင့်မားရေးနဲ့ စာရင်းဇယားများပြုစုထားရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးပြသပညာပေးခြင်းတို့အပြင် သီးနှံစိုက်ပျိုးထွက်ရှိမှုများအား စာရင်းများကောက်ယူခြင်းတို့ကို နှစ်စဉ် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ထွက်ရှိမှုများအား နှစ်စဉ်ကောက်ယူခဲ့သော စာရင်းများအရ ၁၉၈၈ ခုနှစ်အထိ စပါးစိုက်ပျိုးမှုဧက ၁၁.၈ သန်းရှိပြီး၊ ရိတ်သိမ်းမှုဧက ၁၁.၁ သန်းနှင့် တစ်ဧက ပျမ်းမျှစပါးအထွက်နှုန်း ၅၈.၄ တင်းနှုန်းဖြင့် စုစုပေါင်းအထွတ် တင်းသန်းပေါင်း ၆၃၀ အထက်ကိုထွက်ရှိခဲ့ပါတယ်။ ပြည်တွင်းစားသုံးမှုအနေနဲ့ တင်းသန်းပေါင်း ၅၆၁ သန်းကျော်နှင့် မျိုးအလေအလွင့် ၅၆ သန်းရှိပြီး ပိုလျှံတင်းသန်းပေါင်း ၁၀ သန်းထိရှိခဲ့ပါတယ်။ လူတစ်ဦးပျမ်းမျှစားသုံးမှုအနေနဲ့ ဆန် ၅.၃၅ တင်းနှုန်းခန့် ရှိပါတယ်။

ယခုနိုင်ငံတော်အစိုးရသစ်ကာလ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းမှာ စပါးစိုက်ပျိုးရိတ်သိမ်းမှုဧက ၁၈ သန်းကျော်နှင့် တစ်ဧကပျမ်းမျှအထွက်နှုန်း ၇၅.၇၄ တင်းနှုန်းဖြင့် စပါးတင်းသန်းပေါင်း ၁၃၆၅ သန်းကျော် ထွက်ရှိခဲ့ပါတယ်။ ပြည်တွင်းစားသုံးမှုစပါးတင်းပေါင်း ၈၆၆ သန်းကျော်နှင့် မျိုးအလေအလွင့် တင်းသန်း ၉၀ ကျော်ရှိပြီး ပိုလျှံစပါးတင်းပေါင်း ၄၀၉ သန်းကျော်အထိ တိုးတက်ထွက်ရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ လူတစ်ဦးရဲ့ တစ်နှစ်ပျမ်းမျှစားသုံးမှုမှာ ဆန် ၅.၂၇ တင်းနှုန်းခန့် ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆန်ပြည်ပတင်ပို့ခြင်းနှင့် ပတ်သက်ပြီး စနစ်တကျစိစစ်တွက်ချက်ပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်တွင်းကူးသန်းရောင်းဝယ်မှုနှင့် စိစစ်မှုများကိုလည်း မပြတ်လေ့လာသုံးသပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကုန်သွယ်မှုများ တိုးတက်မြင့်မားရေးအတွက် အခြားပို့ကုန်ပစ္စည်းများကိုလည်း ဦးစားပေးတင်ပို့နေသကဲ့သို့ ဆန်တင်ပို့မှုများကိုလည်း လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့တဲ့အတွက် တစ်နှစ်ထက်တစ်နှစ် တိုးမြင့်တင်ပို့နိုင်တာကို တွေ့ရှိရပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ ဆန်နှင့် ဆန်ထွက်ပစ္စည်း တင်ပို့မှုတန်ချိန် ၅.၃၆၄ သိန်း တန်ဖိုးအမေရိကန်ဒေါ်လာ ၁၉၈.၀၈၀ သန်းသာ တင်ပို့နိုင်ခဲ့ရာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် ၈.၄၄၃ သိန်း တန်ဖိုးအမေရိကန်ဒေါ်လာ ၃၂၄.၆၆၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ တန်ချိန် ၁၄.၅၃၃ သိန်း တန်ဖိုးအမေရိကန်ဒေါ်လာ ၅၆၄.၆၁၃

သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ တန်ချိန် ၁၂.၃၃၅ သိန်း တန်ဖိုးအမေရိကန်ဒေါ်လာ ၄၆၀.၆၉၆ သန်း အသီးသီးတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် လယ်ယာထွက်ပို့ကုန်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီးတော့ ပြည်ပတင်ပို့မှုအနေနဲ့လည်း လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ အများဆုံးဖြစ်ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုအနက် ဆန်တင်ပို့မှုဟာ အဓိကပို့ကုန်တစ်ခုအဖြစ် ပါဝင်နေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ရာမှာ ပင်လယ်ရေကြောင်းက တင်ပို့မှုများရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့လည်း နယ်စပ်ဖြတ်ကျော် တင်ပို့မှုများရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့ရာမှာ ဆန်စပါးကဲ့သို့ ပြည်တွင်းစားသုံးမှုအတွက် အဓိကကျတဲ့ အခြေခံစားကုန်များနဲ့ ပတ်သက်ပြီးတော့ ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှု၊ ပိုလျှံမှုတို့ကို စနစ်တကျစိစစ်တွက်ချက်ပြီးတော့ သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီးတော့ တစ်ဖက်မှလည်း ပို့ကုန်ဈေးကွက် ပိုမိုရရှိရေးနှင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးအမြတ်ရရှိရေးတို့အတွက် ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု စာရင်းဇယားတွေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဓိကဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ပသို့ ဆန်တင်ပို့မှုစာရင်းဇယားများ ပြုစုမှတ်တမ်းတင်ထားရှိရေးနှင့် ပတ်သက်ပြီးတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပေါင်းတလည်မြို့အတွက် မီးသတ်ကားတစ်စီးချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့် ဖြစ်ပါ

တယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်းတလည်မြို့ဆိုတာ ကျွန်တော်တို့ ပြည်မြို့နယ်အတွင်းမှာရှိပြီးတော့ ယခင်က ကျွန်တော်တို့ တိုက်နယ်အဆင့်သာရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ အစိုးရကနေပြီးတော့ ရပ်ကွက်လေးရပ်ကွက်နဲ့ ကျေးရွာအုပ်စုတစ်စုအဖြစ် မြို့နယ်အဆင့် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီပေါင်းတလည်မြို့မှာ မီးသတ်ယာဉ်တစ်စီးပဲရှိပြီးတော့ အဲ့ဒီမီးသတ်ယာဉ်တစ်စီးကိုပဲ မြို့ရော၊ မြို့ရဲ့အနီးနားမှာရှိတဲ့ ကျေးရွာအုပ်စု ၂၃ အုပ်စုဟာ အဲ့ဒီမီးသတ်ကားကိုပဲ အားကိုးနေရတာဖြစ်တဲ့အတွက် မီးသတ်ကားအသစ်တစ်စီးလိုပါတယ်။ ဒါ့ကြောင့်မို့လို့ ပေါင်းတလည်မြို့အတွက် မီးသတ်ယာဉ်တစ်စီးချပေးရန် အစီအစဉ်ရှိ/မရှိကို ကျွန်တော့်ရဲ့ မဲဆန္ဒရှင်ဖြစ်တဲ့ ပေါင်းတလည်သူပေါင်းတလည်သားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**နိုင်ငံတော်တွင် ပြည်သူ့ရဲအင်အားနည်းနေပြီး တာဝန်နှင့်ပြည်သူ့အင်အား မမျှမတဖြစ်နေသောကြောင့် ပြည်သူ့ရဲအင်အားတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်၊ ချမ်းမြသာစည်မဲဆန္ဒနယ်ကိုယ်စား ဦးသိန်းထွန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချမ်းမြသာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ရဲ့ကိုယ်စား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အားနည်းနေတဲ့အတွက် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်မှာ လူဦးရေ ၁၂၀၀ ကို ရဲတပ်ဖွဲ့ဝင်တစ်ဦးနဲ့ ပြည်သူတို့ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတို့ကို တာဝန်ယူဆောင်ရွက်နေကြရပါတယ်။

အလားတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဆင့်ဆင့်သော ရဲစခန်းအသီးသီးတွင်လည်း ရဲတပ်ဖွဲ့အင်အားနည်းပါးနေသည်ကို ကြားသိနေရပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဟာ တာဝန်နှင့်ပြည်သူအင်အားမမျှတဖြစ်နေပါသောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားကို

တိုးမြှင့်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးတင်အောင်၊ ချမ်းမြသာစည်မဲဆန္ဒနယ် ကိုယ်စား ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တပေါင်းတည်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ကရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ပေါင်းတလည်မြို့ဟာ မြို့ပေါ်လေးရပ်ကွက်၊ အိမ်ခြေ ၁၇၁၅ လုံး၊ အိမ်ထောင်စု ၁၇၁၅ စု၊ လူဦးရေ ၆၁၁၃ ဦး၊ ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာပေါင်းခုနစ်ရွာ၊ ဌာနဆိုင်ရာအဆောက်အဦငါးလုံးရှိပါတယ်။ အဆိုပါမြို့မှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်နေ့အထိ မီးလောင်မှုလေးကြိမ် ဖြစ်ပွားခဲ့ပြီး တန်ဖိုးငွေ ၁၀၈၀၀၀ ကျပ်ခန့် ဆုံးရှုံးခဲ့ရပါတယ်။

ပေါင်းတလည်မြို့မှာ လက်ရှိအရန်မီးသတ်တပ်ဖွဲ့စခန်းမှာ ၁၈ ပေ၊ ပေ ၃၀ သွပ်မိုး၊ သွပ်ကာ၊ မြေစိုက် အဆောက်အဦတစ်လုံး၊ အီစူးဇူးမီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးတို့ဖြင့် ပေါင်းတလည်မြို့ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ပေါင်းတလည်မြို့မှာ လက်ထောက် မီးသတ်ဦးစီးမှူး ဦးစီးအင်အားကိုးဦး၊ နယ်မြေမီးသတ်စခန်း အဆောက်အဦတစ်လုံး၊ နှစ်ခန်းတွဲ ဝန်ထမ်းနေအိမ်တစ်လုံး၊ လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းနေအိမ်တစ်လုံး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးနဲ့ မီးသတ်ရေသယ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်နှစ်စီးတို့နဲ့ နယ်မြေမီးသတ်စခန်းဖွင့်လှစ်ရန်

ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီးဖြစ်လို့ ဖွဲ့စည်းပုံနှင့်အညီ ဖြည့်တင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေနဲ့ မီးငြိမ်းသတ်ယာဉ် ၂၄ စီးနဲ့ မီးသတ်ရေသယ်ယာဉ် ၁၀ စီးဝယ်ယူရန် ဘဏ္ဍာငွေခွင့်ပြုမိန့်ရရှိပြီး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ မီးသတ်ယာဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူပြီးပါက ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရဲ့ မီးသတ်ယာဉ်ဖြန့်ခွဲရန် လျာထားစာရင်းအရ ပေါင်းတလည် နယ်မြေ မီးသတ်စခန်းအတွက် မီးငြိမ်းသတ်ယာဉ်တစ်စီး ဖြန့်ခွဲတာဝန်ချထားရန် ပဲခူးတိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်ရယူ၍ ဖြည့်တင်းပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ဟာ အရှေ့မှအနောက်သို့ ၅ မိုင် ၂ ဖာလုံ၊ တောင်မှမြောက်သို့ ၁ မိုင် ၆ ဖာလုံ ရှိပြီး ၉.၉၇ စတုရန်းမိုင်ကျယ်ဝန်းပါတယ်။ လူဦးရေ ကျား ၉၅၁၆၅ ဦး၊ မ ၁၀၉၁၆၅ ဦး စုစုပေါင်း ၂၀၄၃၃၀ ဦးနေထိုင်လျက်ရှိပြီးတော့ အိမ်ထောင်စုပေါင်း ၃၈၇၅၀ စု ရှိပါတယ်။ ချမ်းမြသာစည်မြို့နယ်အတွင်းမှာ ယခင်က မြို့ကွက်သစ်ဖော်ထုတ်ခဲ့တဲ့နေရာများမှာ ဖွံ့ဖြိုးတိုးတက်စည်ကားလာသကဲ့သို့ လူဦးရေလည်းတိုးတက်လျက်ရှိပါတယ်။ ချမ်းမြသာစည်မြို့နယ်မှာ ၂၀၁၂ ခုနှစ်အတွင်းမှာ အမှုကြီး ၁၁ မှု၊ အခြားအမှု ၄၂၆ မှုနှင့် ကြိုတင်ကာကွယ်မှု ၁၃၃၄ မှု၊ ၂၀၁၃ ခုနှစ် အတွင်းမှာ အမှုကြီး ၉ မှု၊ အခြားအမှု ၄၃၆ မှုနှင့် ကြိုတင်ကာကွယ်မှု ၁၀၇၆ မှု၊ ၂၀၁၄ ခုနှစ်၊ ဧပြီလကုန်အထိ အမှုကြီးဖြစ်ပွားမှု မရှိဘဲ အခြားအမှု ၁၄၀ မှု၊ ကြိုတင်ကာကွယ်မှု ၅၀၅ မှုတို့ဖြစ်ပွားအရေးယူခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ချမ်းမြသာစည်မြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ အမှတ်(၁၁) နယ်မြေရဲစခန်းနဲ့ အောင်ပင်လယ်နယ်မြေရဲစခန်းတို့ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံအင်အားမှာ အရာရှိ ၃၅ ဦး၊ အခြားအဆင့် ၁၄၅ ဦး၊ စုစုပေါင်း ၁၈၀ ဦးဖြစ်ပေမယ့်လည်း လက်ရှိရဲတပ်ဖွဲ့ဝင်အရာရှိ ၂၈ ဦး၊ အခြားအဆင့် ၁၂၇ ဦး၊ စုစုပေါင်း ၁၅၅ ဦးဖြင့်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ချမ်းမြသာစည်မြို့နယ်မှာရဲတပ်ဖွဲ့ဝင်နဲ့ မြို့နယ်လူဦးရေအချိုးက ၁း၁၃၁၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

**မှုကြမ်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြောင်းလဲတိုးတက်လာတဲ့ လိုအပ်ချက်များနှင့်အညီ အင်အားတိုးချဲ့ဖွဲ့စည်းခြင်း၊ တပ်ဖွဲ့အသစ်များဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာမှာ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရဲတပ်ဖွဲ့၊ အမှတ် (၄) ရဲလုံခြုံရေးကွပ်ကွဲမှုအဖွဲ့၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ စသည်ဖြင့်တပ်ဖွဲ့အသစ်များ တိုးချဲ့ဖွဲ့စည်းလျက်ရှိပါတယ်။ အဲ့ဒီလိုတပ်ဖွဲ့အသစ်များ တိုးချဲ့ဖွဲ့စည်းနေသကဲ့သို့ ရဲလေ့ကျင့်ရေးကျောင်းများအားပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိရာမှာ ယခင်က အခြေခံရဲတပ်သားသစ်သင်တန်းအတွက် အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း(ရမည်းသင်း)၊ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း(ဝက်ထီးကန်)တို့သာရှိခဲ့ရာမှာ ယခုအခါ အမှတ် ၃ ရဲလေ့ကျင့်ရေးကျောင်း(စစ်ကိုင်း) နှင့် အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း(တောင်လေးလုံး)တို့ကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အမျိုးသမီးတပ်ဖွဲ့ဝင် ဒုတိယရဲအုပ်လောင်းသင်တန်းများနှင့် အမျိုးသမီးတပ်ဖွဲ့ဝင်ရဲတပ်သားသစ်သင်တန်းများကိုလည်း ဖွင့်လှစ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံအင်အားမှာ စုစုပေါင်း ၁၅၈၆၈၅ ဦးဖြစ်ပြီးတော့လက်ရှိအင်အားမှာ ၇၄၁၆၅ ဦးဖြစ်တဲ့အတွက် ရဲတပ်ဖွဲ့နှင့် ပြည်သူအချိုးမှာ မြန်မာနိုင်ငံ၏ လူဦးရေသန်း ၆၀ နှင့်တွက်ချက်မယ်ဆိုလို့ရှိရင် ၁း၈၀၉ ရှိပါတယ်။ လက်ရှိမှာနိုင်ငံ့လူဦးရေ ၁ သိန်းလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားမှာ ၁၁၆ ဦးဖြစ်လို့ နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း မြန်မာနိုင်ငံသားလူဦးရေ ၁ သိန်းလျှင် ရဲ ၂၅၀ ဦးဖြင့် ရဲနှင့်နိုင်ငံ့လူဦးရေအချိုး ၁း၄၀၀ အထိ အင်အားဖြည့်တင်းနိုင်ရေး ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်နှင့်အညီ ခေတ်မီရဲတပ်ဖွဲ့ဖြစ်လာစေရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဖွဲ့စည်းပုံနှင့်အညီ ရဲတပ်ဖွဲ့ဝင်အင်အားများ ဖြည့်ဆည်းနိုင်ရေးအတွက် ရဲတပ်သားသစ်စုဆောင်းရေးလျာထားချက်ရေးဆွဲပြီး ရဲတပ်ဖွဲ့ဝင်များကို စုဆောင်းလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ စုဆောင်းရရှိလာတဲ့ ရဲတပ်ဖွဲ့ဝင်များအား မှုခင်းဖြစ်ပွားမှု၊ တရားဥပဒေစိုးမိုးရေးလွှမ်းခြုံနိုင်မှု၊ လူဦးရေထူထပ်မှုဦးစားပေးအစီအစဉ်များနှင့် ချမ်းမြေ့သာစည်မြို့နယ်ရဲတပ်ဖွဲ့

အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံးသို့ ဖြည့်ဆည်းတာဝန်ချထားနိုင်ရေး စီမံထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်

**မူကြမ်း**

ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၆-၆-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ပေးပို့သော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ပေးပို့လာသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို ၃၁-၃-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းနှင့်စပ်လျဉ်း၍

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရွှေ့လျားနိုင်သည့် ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းအား ၂၆-၃-၂၀၁၄ ရက်နေ့၌ ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့်အတည်ပြုပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၃၀-၃-၂၀၁၄ ရက်စွဲပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံသည် Cape Town Convention and Aircraft Protocol သို့ဝင်ရောက်ခဲ့ရာ UNIDROIT မှ ၃-၁၂-၂၀၁၂ ရက်နေ့ကို အဆိုပါစာချုပ်သို့ မြန်မာနိုင်ငံက ဝင်ရောက်သည့်နေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်နှင့်ဆက်စပ်ပစ္စည်းများကို ပြည်ပမှဝယ်ယူ၊ ငှားရမ်းအသုံးပြုရာတွင် နစ်နာမှုများမရှိစေရန် ရည်ရွယ်၍ ဤဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက တင်ပြထားသည်ကိုတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၅-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အခန်းပေါင်း ၄ ခန်းနှင့် ပုဒ်မပေါင်း ၁၂ ခုပါရှိပါသည်။

(ခ) နိဒါန်း၊ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)၊ အခန်း(၂) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)၊ အခန်း(၄) ပုဒ်မ ၉၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)တို့အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသဘောတူပါသည်။

(ဂ) ဥပဒေ၏အမည်အား နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ ဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(ဃ) အခန်း(၁) ပုဒ်မ ၂ အား ဤဥပဒေကို နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်း ကိရိယာများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ပါ သည်။

(င) ပုဒ်မ ၂ ပုဒ်မခွဲ(ခ) အား ပရိုတိုကောလ် ဆိုသည်မှာ ကွန်ဗင်းရှင်း၏ လေယာဉ် ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပရိုတိုကောလ် ကိုဆိုသည်ဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင်ပါရှိသော နောက်ဆက်တွဲ ပရိုတိုကောလ် ဆိုသည့် စကားရပ်များအား ပရိုတိုကောလ်ဟု အသီးသီးပြင်ဆင်ပါသည်။

(စ) ပုဒ်မ ၁၀ တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် ဆိုသည့်စကားရပ်အား ပြဋ္ဌာန်းချက်များနှင့်အညီ ဟုပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရွေ့လျားနိုင်သော ပစ္စည်းကိရိယာနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် တိကျစွာဖော်ပြ၍ ၁၆-၆-၂၀၁၄ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်း ပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ ဒီဥပဒေဟာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အသိနယ်ပယ်မှာ အတော်လေး အလှမ်းကွာဝေးတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကို ဆွေးနွေးတဲ့အခါမှာ ငါးရက်ဆက်တိုက် အချိန်ပေးဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဖြစ်ပေါ်လာတဲ့နောက်ပိုင်းမှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနက တင်ပြထားတဲ့အတိုင်း မိမိတို့ နိုင်ငံသားများအကျိုးစီးပွားအတွက်ဖြစ်မှာဖြစ်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီဥပဒေနယ်ပယ်မှာ အလှမ်းကွာဝေးတယ်ဆိုပေမယ့်

လွှတ်တော်အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့အခွင့်အရေး မဆုံးရှုံးစေခြင်းငှာ အခုတင်ပြထားတဲ့ ဥပဒေကြမ်းအပေါ် မူတည်ပြီးတော့ တကယ်လို့များ ပြင်ဆင်ဆွေးနွေးလိုတယ်ဆိုလို့ရှိရင်တော့ တင်ပြချက်များအတိုင်း ၁၆-၆-၂၀၁၄ ရက်မှာ နောက်ဆုံးထားပြီး အမည်စာရင်းပေးဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ကျင်းပမည့် နေရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး နဝမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]